# ပလိုင်ကီးကျေးရွာ
# ရေးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပလိုင်ကီးကျေးရွာ၊ ရေးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊

မာတိကာ

မာတိကာ
စကားချီး
ပလိုင်ကီးကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်

**အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**
**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**
**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**
**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**
(က) သီးနှံ စိုက်ပျိုးရေး
(ခ) မွေးမြူရေးလုပ်ငန်း
(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ
(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**
(က) ကျေးလက် သယ်ယူပို့ဆောင်ရေး
(ခ) ကျေးရွာ မီးလင်းရေး
(ဂ) သတင်းနှင့် ဆက်သွယ်ရေး
**၆။ ပညာရေး**
**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**
**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**
**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**
**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ**
စီမံချက် အဆိုပြုလွှာ (၁)
စီမံချက် အဆိုပြုလွှာ (၂)
စီမံချက် အဆိုပြုလွှာ (၃)
**နောက်ဆက်တွဲ**
နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား
**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပလိုင်ကီးကျေးရွာ
ရေးမြို့နယ်

## ပလိုင်ကီးကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပလိုင်ကီးကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၏ အဘော်ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ရေးမော်လမြိုင်ဆက်သွယ်ဖောက်လုပ်ထားသောမီးရထားလမ်းတွင်ရှိပါသည်။ရွာ၏မြေမျက်နှာပြင်အနေအထားမှာကုန်းစောင်းမြေများဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ နှစ်စဉ်မိုးရေချိန်လက်မ (၈၀)ခန့်ရှိပြီး သဘာဝပေါက်ပင်များ ဝါး၊ညောင်ပင်၊ မရမ်းပင်၊သစ်တိုပင်၊သရက်ပင်၊ငှက်ပျော်ပင်စသောအပင်များ ပေါက်သည်။။ မိုးစပါး စိုက်ပျိုးနိုင်သော လယ် (၁၆၉)ဧက၊ နှစ်ရှည်သီးနှံပင်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်သော မြေဧက (၄၃၅.၅)ဧက ရှိသည်။ ကျေးရွာတောင်ဘက်တွင် နှစ်ကရုပ်ချောင်း ရှိပါသည်။ကျေးရွာတွင် မြစ်ချောင်းများမှ သောက်သုံးရည် အသုံးမပြုနိုင်ခြင်းကြောင့် ရေတွင်းများတူးပြီး ရေတင်စက်များဖြင့် အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းအများနှင့်သက်ဆိုင်သောဘာသာရေးလုပ်ငန်းများ တွင် ရပ်မိရပ်အဖွဲ့၊ ဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့၊ ကျေးရွာအရံမီးသတ်အဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့များ ရှိပါသည်။အသေးစားချေးငွေအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှထုတ်ချေးပေးသော မြစိမ်းရောင်အဖွဲ့ ရှိပြီးမြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက်လည်း သဘောမျှသာ ဖွဲ့စည်းထားသည်။ (၃၀.၅.၁၂၀၁၈) ရက်တွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ထပ်မံဖွဲ့စည်းထားပြီး ကျေးရွာတွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသောလုပ်ငန်းများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏လုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။မိုးရာသီတွင်နှစ်စဉ်မိုးစပါးစိုက်ပျိုးကြသည်။နွေရာသီတွင် ရာဘာလုပ်ငန်း လုပ်ကိုင်ပြီး ဟင်းသီးဟင်းရွက် အနည်းငယ် စိုက်ပျိုးကြသည်။ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမြေ (၁၆၉)ဧက ရာဘာနှင့်ကွမ်းသီး၊

အခြားနှစ်ရှည်စိုက်ပျိုးမြေ (၃၇၃)ဧက ဆားကွင်းမြေ(၄၀၀) ဧကခန့်၊ဥယျာဉ်ခြံမြေ (၆၂.၅)ဧက ရှိပါသည်။နှစ်စဉ်ကျေးရွာမှ မိုးစပါး (၄၀၀၀)တင်း၊ နှစ်စဉ် ရာဘာထွက်နှုန်း (၇၀၀၀၀၀)ပေါင်ခန့်၊ နှစ်စဉ်ဆားထွက်နှုန်း (၆၀၀၀၀၀)ပေါင်ခန့်၊ ထွက်ရှိပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၄) အိမ်ရှိပြီး ဆိတ်ကောင်းရေ (၅၁) ကောင်၊ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၄၅) စုမှ (၂၁၈)ကောင်၊ အိမ်ထောင်စု (၆)အိမ်မှဘဲ(၆၇)ကောင်၊အိမ်ထောင်စု(၁၄)အိမ်မှဝက်(၇၀)ကောင်၊အိမ်ထောင်စု(၆၇)အိမ်မှ ကြက်(၁၀၀၃)ကောင်စသည်ဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။ငါးမွေး မြူရေးလုပ်ငန်းကိုလည်းအနည်းငယ် လုပ်ကိုင်ကြသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှု အနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့်အတိုးနှုန်း(ပြား၈၀)ကျပ်ဖြင့်ငွေထုတ်ချေးပါသည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်းမြစိမ်းရောင်ချေးငွေကိုထုတ်ချေးပေးပြီးအတိုးနှုန်း (တစ်ကျပ်)ဖြင့် ထုတ်ချေးထားသည်လည်း ရှိပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၁၄၀) စီး၊ ကား (၅)၊သုံးဘီးဆိုင်ကယ်စီး(၄)စီး၊ထော်လာဂျီ(၃)စီး၊စသည်ဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင်မြေသားလမ်းလမ်းသာရှိသည်။ကတ္တရာလမ်းမှာမော်လမြိုင်-ရေးကားလမ်းမကြီးဘေးတွင်တည်ရှိပြီး သွားလာရအဆင်ပြေပါသည်။ မြေသား လမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာသွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်အလှမ်းဝေးကွာလွန်းသဖြင့် ဆိုလာစနစ်အသုံးပြုနေကြသည့်အိမ်ထောင်စုအနည်းငယ်သာရှိပြီး၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများစွာ ရှိပါသည်။ကျေးရွာတွင်လျှပ်စစ်မီးကို ပုဂ္ဂလိကမှ တစ်ယူနစ်(၇၀၀)ကျပ်နှုန်းဖြင့် စေ◌ျးကြီးစွာသုံးစွဲနေရပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ပလိုင်ကီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၄၂) လုံး၊ တီဗွီ (၈၈) လုံး၊ ရေဒီယို(၃၂)စသည်တို့မှ ဆက်သွယ်ရရှိပါသည်။

**၆။ ပညာရေး**

ပလိုင်ကီးကျေးရွာတွင်အလယ်တန်းကျောင်းရှိပါသည်။ပညာရေးအဆင့်အတန်းအသင့်အတင့် ရှိပါသည်။ဘွဲ့ရသူများလည်းရှိပါသည်။ကျေးရွာရှိအလယ်တန်းကျောင်းတွင် သာယာကုန်းကျေးရွာ၊ ကွန်းဒူးကျေးရွာ၊ စိန်ကြီးကျေးရွာမှ ကျောင်းသားကျောင်းသူများ လာရောက်တက်ကြရပါသည်။ပညာရေးကိုအလယ်တန်းအဆင့်ထိသင်ကြားနိုင်ပြီးအထက်တန်းအဆင့်များကိုရေးမြို့တွင်ဆက်လက်ပညာသင်ယူကြပါသည်။တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်း သူများလည်း ရှိပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျေးရွာတွင်ကျမ်းမာရေးစောင့်ရှောက်မှုအတွက်တောင်ဘုံကျေးလက်ကျန်းမာရေးဌာနမှ သွားဖွားဆရာမတစ်ဦးအား ယာယီခန့်ထားပေးပါသည်။ ကျေးရွာတင်

ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ရန်မြေနေရာ(၁၀၀')ပတ်လည်ဆောက်လုပ်ရန်အတွက်လည်း မြေနေရာ အဆင်သင့်ရှိပါသည်။ကျေးလက်ဌာနခွဲဆောက်လုပ်နိုင်ပါကရွာသူရွာသားများအတွက်လည်းကျန်းမာရေးပိုမိုအဆင်ပြေအောင်စောက်ရှောက်နိုင်ပါသည်။ ကျေးရွာသူရွာသား ကျန်းမာရေးကောင်းမွန်ပြီး မိုးရာသီတွင် ကလေးငယ်များ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ လူကြီးများတွင်ယာသီတုတ်ကွေး ကူးစက်ခံရတတ်ခြင်း ရှိသည်။အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို လက်ရှိတွင် သားဖွားဆရာမမှ စောင့်ရှောက်မှု ပေးနေပြီး ခလေးငယ်များအတွက် ကာကွယ်ဆေးကို လစဉ်ထိုးပေးလျှက် ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းမရှိပါ။

ကျေးရွာတွင်ရွာသူရွာသားများအားလုံးသည်သောက်သုံးရေရေတွင်မှသုံးစွဲကြပါသည်။ ကျေးရွာတွင် အိမ်ခြေ (၁၅၇)ရှိပြီး ရေတွင်း(၄၅)တွင်း ရှိပါသည်။ရေတွင်းအများစုမှာ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ မရရှိပါ။တစ်နှစ်ပတ်လုံ ရေလုံလောက်စွာ ရရှိသောရေတွင်းမှာ(၁၀)တွင်းသာရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ဓါတုဗေဒကွန်ပေါင်းမြေဩဇာများ အသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ပလုင်ကီးကျေးရွာ၏ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ' တွင်အမျိုးသားများကဦးဆောင်လေ့ရှိသည်။ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေကြောင်း တွေ့ရသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| အဘော်ကျေးရွာအုပ်စု | | ပလိုင်ကီးကျေးရွာ | |
|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြုလုပ်ငန်းစဉ်များ |
| ၁။ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာချင်းဆက်လမ်း (၂/၅)မိုင် ကွန်ကရစ်လမ်းသို့ အဆင့်မြင့်တင်ခြင်း။ |
| ၂။ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းဌာနခွဲတည်ဆောက်ခြင်း။ |
| ၃။ | ပညာရေး | ကျောင်းအဆောက်အဦ | ကျောင်းအမိုး နံရံပြုပြင်ခြင်း၊ ကျောင်းခြံစည်းရိုးပြုပြင်ခြင်း။ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

| | |
|---|---|
| **ကျေးရွာ** | - ပလိုင်ကီး |
| **ကျေးရွာအုပ်စု** | - အဘော် |
| **မြို့နယ်** | - ရေး |
| **တိုင်းဒေသကြီး / ပြည်နယ်** | - မွန်ပြည်နယ် |

**စီမံချက်အမည်** – ပလိုင်ကီးကျေးရွာ လမ်းတံတားတည်ဆောက်ခြင်း ( ကျောက်ချောလမ်း (၅/၀) မိုင် )

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ပလိုင်ကီးကျေးရွာနှင့် ရွှေပြည်သာကျေးရွာ သွားသည့်လမ်းမှာ(၅/၀)မိုင် ရှည်လျားပြီး မြေနီလမ်းဖြစ်သည့်အလျှောက် ပွင့်လင်းရာသီများတွင် သွားလာမှုအသင့်အတင့် လွယ်ကူသော်လည်း မိုးရာသီကာလတွင် ရေအိုင်များ၊ ချိုင့်များ၊ ဗွက်များ ဖြစ်သောကြောင့် သွားလာရာတွင် အခက်အခဲဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင်လည်း အလွန်ပင် အခက်ခဲများနှင့် ကြုံတွေ့ရပြီး မွေးလူနာများလည်း မိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်းကြောင့် တည်ဆောက်ရန်ဖြစ်သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- လက်ရှိမြေနီလမ်းမှာ ကျောက်ကျောလမ်းပြုလုပ်ပြီးစီးပါက ကျန်းမာရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချော့မွေ့စွာ လုပငန်းတိုးတက်ဘာခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။
- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လက်ရှိအကောင်အထည် ဖော်ပြီးးသည့်အခါ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာမှထုန်ကုန်များ၊ ရာသီအလိုက်သီးနှံများသားငါးများကို အချိန်ရာသီမရွေ့ ကူးသန်းရောင်းဝယ်နိုင်ပြီး ပို့ဆောင်ရေးများတွင်လည်း ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ရောင်းဝယ်လုပ်ကိုင်နိုင်ခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- လက်ရှိမြေသားလမ်းကို ကျောက်ချောလမ်း ပြုလုပ်ခြင်း၊ပလိုငါကီးကျေးရွာမှရ ရွှေပြည်သာကျေးရွာရှိ မြေသားလမ်း (၅/၀)မိုင် အကျယ် (၂၅)ပေ ရှိခြင်း။
- 

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • ၃၉၀၀၀၀၀ (ပစ္စည်း/လုပ်အား) | • ပလိုင်ကီးကျေးရွာ |
| | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) |
|---|---|---|

| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
|---|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | ၄၅၃ | ၄၄၇ | ၉၀၀ | ၂၀ | ၆၀ | ၃၀ | ၄၇ | ၁၅၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၅၃ | ၄၄၇ | ၉၀၀ | ၂၀ | ၆၀ | ၃၀ | ၄၇ | ၁၅၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**
- ပလိုင်ကီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**
- လမ်းတံတားဆောက်လုပ်ရာတွင် လိုအပ်သည့် အထောက်အကူများပါဝင်ကူညီ ထည့်ဝင်ခြင်း။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- လုပ်သားအင်အားဖြင့် ပါဝင်ကူညီပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**
- ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊
- လမ်းတံတားနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့ရန် ညွှန်ကြားချက်များထားရှိခြင်း၊
- ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ကြပြီး ငွေကြေးများ ထည့်ဝင်ကြပြီး လုပ်ငန်းပြီးစီးပါက စာရင်းအင်းများကို တိကျစွာပေးပို့ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်းလုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၂)**

| | |
|---|---|
| **ကျေးရွာ** | – ပလိုင်ကီး |
| **ကျေးရွာအုပ်စု** | – အဘော်ကျေးရွာ |
| **မြို့နယ်** | – ရေး |
| **တိုင်းဒေသကြီး / ပြည်နယ်** | – မွန်ပြည်နယ် |
| **စီမံချက်အမည်** – ကျေးလက်ဆေး'ပေးးခန်းဌာနခွဲတည်ဆောက်ခြင်း။ | |

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**
- ပလိုင်ကီးကျေးရွာသည် ပတ်ဝန်းကျင်ဆေးခန်းများဖြစ်သော ရေးမြို့ပြည်သူ့ဆေးရုံနှင့် (၇)မိုင်ခန့်ဝေးခြင်း၊ တောင်ဘုံကျန်းမာရေးဌာနခွဲနှင့် (၂၃)မိုင်ခန့်ဝေးခြင်း၊ ပလိုင်ကီးကျေးရွာသည် သဃ်ကျွန်းဆေးခန်းနှင့်ကားလမ်း(၁၃)မိုင်ခန့်ဝေးခြင်း၊ကျေးရွာနေ ရွာသူရွာဦသား စုစုပေါင်း (၉၀၀)ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကျေးလက်ဆေးပေးခန်း တည်ဆောက်ရန်ဖြစ်ပါသည်။

- ဆေးပေးခန်းတည်ဆောက်ရန် မြေ(၁၀၀)ပေပတ်လည် အဆင်သင့်ရှိပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ပလိုင်ကီးကျေးရွာတွင် တောင်ဘုံကျမ်းမာရေးဌာနမှ သားဖွားဆရာမတစ်ဦး ယာယီထားရှိပြီး ရေးမြို့နယ်ဆေးရုံကြီးနှင့် (၇)မိုင်ခန့် ကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း ငွေကြေးမတက်နိုင်သူများအတွက် ကျန်းမာရေးဘက်တွင် ငွေကုန်ကြေးကျ သက်သာစေခြင်း၊ ကျေးရွာလူထုမှ ကျန်းမာရေးပညာ ဗဟုသုတ ပိုမိုကျယ်ပြန့်လာခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် ယုံကြည်အားကိုးစိတ်ရှိလာစေခြင်းတို့ကြောင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း တည်ဆောက်ရန်လိုအပ်ပါသည်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ပြီးစီးပြီးနောက် ငွေကြေးမတတ်နိုင်သူများအတွက် ငွေကုန်ကြေးကျ သက်သာခြင်း၊ ဖျားနာရောဂါများလျှင်မြန်စွာ ကုသလာခြင်း၊ မွေးလူနာများအချိန်မှီ မွေးဖွားနိုင်ခြင်း၊ သက်ကြီးရွယ်အိုများရောဂါကုသရန် အချိန်မှီ ဆေးရုံသို့သွားလာရန်လွယ်ကူစေခြင်း၊ကျန်းမာရေးဗဟုသုတများကြွယ်ဝလာခြင်းတို့ကြောင့် ကျန်းမာရေးမကောင်းသူများကို အလွယ်တကူကုသနိုင်သည့် အကျိုးများ ရရှိပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ဆေးပေးခန်းတည်ဆောက်ရန် မြေနေရာအဆင်သင့်ရှိပါသည်၊
- ကျေးရွာရှိ လုပ်သားအားဖြင့်လည်း ပါဝင်ကူညီနိုင်ပါသည်၊
- ကျေးရွာဆေးပေးခန်း တည်ဆောက်ရန် ပေ(၁၀၀)ပတ်လည် ရှိပါသည်။

**စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား)<br>• __________ (ငွေသား)<br>• လုပ်အား (ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ပလိုင်ကီးကျေးရွာ<br>• |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၅၃ | ၄၄၇ | ၉၀၀ | ၂၀ | ၆၀ | ၃၀ | ၄၇ | ၁၅၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၅၃ | ၄၄၇ | ၉၀၀ | ၂၀ | ၆၀ | ၃၀ | ၄၇ | ၁၅၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ပလိုင်ကီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၈ ခုနှစ်၊ ဇွန်လ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ဆေးပေးခန်းတည်ဆောက်ရာတွင် လိုအပ်သည့်မြေ ပေ(၁၀၀)ပတ်လည်ပေးနိုင်ခြင်း၊<br>• ကျေးရွာမှ လုပ်သားအင်အားဖြင့် ကူညီဆောင်ရွက်ကေပးနိုင်ခြင်း။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်လုပ်ကိုင်ရမည့် အစီအစဉ်များရေးဆွဲခြင်း၊<br>• ဆေးပေးခန်းနှင့်ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန် ညွှန်ကြားချက်များ ထားရှိခြင်း၊<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ပြီး လုပ်ငန်းပြီးစီးပါက စာရင်းများတိကျစွာ ပေးပို့ပါမည်။ |

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၃)**

| | |
|---|---|
| **ကျေးရွာ** – ပလိုင်ကီး<br>**ကျေးရွာအုပ်စု** – အဘော်ကျေးရွာ<br>**မြို့နယ်** – ရေး<br>**တိုင်းဒေသကြီး / ပြည်နယ်** – မွန်ပြည်နယ် | |
| **စီမံချက်အမည်** – ကျောင်းဆောင်ပြုပြင်ရန်နှင့်ကျောင်းခြံစည်းရိုးပြုလုပ်ခြင်း။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ပလိုင်ကီးကျေးရွာ၏ကျောင်းဆောင်ဟောင်းမှာ အလျားပေ(၉၀) အနံပေ(၃၀) ရှိကျောင်းဆောင်သည် အမိုးများဆွေးမြေ့နေပြီး နံရံများမှာလည်း အချောထည်ပြုလုပ်ရန် လိုအပ်နေသည်၊<br>• ကျောင်းခြံစည်းရိုးမှာ အလျားပေ(၄၀၀) အနံပေ (၃၅၇) ရှိပါသည်၊<br>• အဆောင်အတွက် အလျားပေ(၃၀) အနံပေ(၁၀) ရှိသော အဆောက်အဦ လိုအပ်နေပါသည်။ဝန်ထမ်း(၁၄)ဦးအနက် (၆)ဦးမှာ ကိုယ်ထူကိုယ်ထကျောင်းတွင် နေပြီး ကျန်(၈)ဦးမှာ ကျောင်းခန်းတွင်နေထိုင်လျက်ရှိသည်။<br>• ကျောင်းအဆောင်များဆောက်လုပ်ပြီးစီးပါက ဝန်ထမ်းများ သက်သာချောင်ချိစွာနေထိုင်နိုင်ခြင်း၊<br>• တခြားမြို့နယ်မှ တာဝန်ထမ်းဆောင်နေရသော ဆရာ/ဆရာမများအတွက် သွားလာနေရသည့် အချိန်ကုန်သက်သာ ပင်ပန်းခြင်းတို့မှ သက်သာခြင်းတို့ကြောင့် စီမံဆောင်ရွက်ရခြင်း ဖြစ်သည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာရှိ ကျောင်းဆောင်ဟောင်းသည် အမိုးများဆွေ့မြေ့လာခြင်း၊ နံရံများ အချောကိုင်ရန်မပြုလုပ်ထားခြင်း၊ လုံခြုံမှုမရှိခြင်း၊ ကျောင်းသား/သူများ ပညာသင်ကြားရန် အခက်အခဲဖြစ်ခြင်း၊ ကျောင်းသင်ထောက်ကူပစ္စည်းများလိုအပ်ခြင်း၊ ကျောင်းခြံစည်းရိုးမှာလည်း ပျက်စီးယိုယွင်းနေပြီး ကျောင်းဝင်းလုံခြုံမှုမရှိခြင်း၊ ကျောင်းအဆောင်မှာလည်း ဆရာ/ဆရာမ | |

| |
|---|
| များနေထိုင်ရန်မလုံလောက်ခြင်း၊ ကျေးရွာမှကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသည့် အဆောင်မှာလည်း ဝန်ထမ်း(၆)ဦးသာ နေထိုင်ရပြီး ကျန်(၈)ဦးမှာကျောင်းဆောင်များတွင် နေထိုင်ကြရသည်၊<br>• ထိုလိုအပ်ချက်များကြောင့် ကျောင်းဆောင်ဟောင်း၊ ကျောင်းခြံစည်းရိုး၊ ဝန်ထမ်းအဆောင်များ တည်ဆောက်လိုခြင်း ဖြစ်ပါသည်။ |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ပလိုင်ကီးကျေးရွာရှိကျောင်းဆောင်ဟောင်း၊ခြံစည်းရိုး၊ဝန်ထမ်းအဆောင်များ ဆောက်လုပ်ပြီးစီးပြီးနောက် ကျောင်းသားကျောင်းသူများ ပညာသင်ကြားရန် အဆင်ပြေချောမွေ့ခြင်းခြင်း၊ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးခြင်း၊ခြံစည်းရိုးကောင်းမွန်လာသည့်အတွက်ဘေးကင်းလုံခြုံစွာပညာသင်ကြားရခြင်း၊အဆောင်ဆောက်လုပ်ပြီးစီးသည့်အခါ ဆရာ/ဆရာမများ အေးချမ်းစွာ နေထိုင်ရခြင်း စသောအကျိုးကျေဇူးများကို မျှော်မှန်းပါသည်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ကျောင်းဆရာ/ဆရာမများအဆောင်တည်ဆောက်ရန်ကျောင်းဝင်းအတွင်းမြေနေရာ အဆင်သင့်ရှိပါသည်၊<br>• လုပ်သားအင်အားဖြင့်ကူညီပါမည်၊<br>• အလျားပေ(၅၀) အနံပေ(၁၀) ဆောက်လုပ်ရန်လျာထားချက်ရှိပါသည်။ |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား)<br>• __________ (ငွေသား)<br>• လုပ်အား (ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ပလိုင်ကီးကျေးရွာ<br>• |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၅၃ | ၄၄၇ | ၉၉၀ | ၂၀ | ၆၀ | ၃၀ | ၄၇ | ၁၅၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၅၃ | ၄၄၇ | ၉၉၀ | ၂၀ | ၆၀ | ၃၀ | ၄၇ | ၁၅၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ပလိုင်ကီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၈ ခုနှစ်၊ ဇွန်လ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျောင်းဆောင်သစ်တည်ဆောက်ရန်မြေနေရာရှိခြင်း၊လုပ်သားအင်အားဖြင့်ပါဝင်ကူညီဆောင်ရွက်ခြင်း။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ |

**အစဉ်များ**

- ကျေးရွာလူထုအားခေါ်၍ ဆောင်ရွက်ရမည့် အစီအစဉ်များ ရေးဆွဲခြင်း၊
- ကျောင်းဆောင်နှင့်ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန် ညွှန်ကြားချက်များ ထားရှိခြင်း၊
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် လူထုညှိနှိုင်းတိုင်ပင်ပြီး ငွေကြေးများထည့်ဝင်ပြီး လုပ်ငန်းပြီးစီးပါက စာရင်းအတိအကျ ပေးပို့ပါမည်။

နောက်ဆက်တွဲ (၁)

## ပလိုင်ကီးကျေးရွာ၊ အဘော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစံတင် | ဦးထိုင် | ၁၀/ရမန(နိုင်)၀၅၈၇၄၇ | ၇၅ | ဥက္ကဋ္ဌ | ၀၉၂၅၅၇၃၃၄၁၆ |
| ၂ | ဦးသန်းလွင် | ဦးကွန်တင် | ၁၀/ရမန(နိုင်)၀၅၄၄၈၇ | ၄၈ | အတွင်းရေးမှူး | ၀၉၂၅၅၇၄၅၂၈၉ |
| ၃ | ဦးချိုကြီး | ဦးတင် | ၇/သဝတ(နိုင်)၀၀၃၈၃၇ | ၄၈ | ဘဏ္ဍာရေးမှူး | ၀၉၄၅၅၃၈၀၇၇၁ |
| ၄ | ဦးစိုးပိုင် | ဦးဝင်းသိန်း | ၁၀/ရမန(နိုင်)၁၉၁၇၅၃ | ၄၁ | သော့ကိုင်(၁) | ၀၉၂၅၅၉၃၃၇၄၂ |
| ၅ | ဦးရှိန်ရီအောင် | ဦးရှိန် | ၁၀/ရမန(နိုင်)၁၁၃၅၈၃ | ၃၇ | သော့ကိုင်(၂) | ၀၉၇၈၈၇၀၆၁၀၀ |
| ၆ | ဒေါ်ထက်ထက်မိုး | ဦးစိုးဝင်း | ၁၀/ရမန(နိုင်)၁၉၇၀၄၇ | ၂၁ | စာရင်းကိုင် | ၀၉၉၇၀၃၀၅၉၈၀ |
| ၇ | ဒေါ်သူဇာနိုင် | ဦးထွန်းနိုင် | ၁၀/ရမန(နိုင်)၂၄၃၅၅၀ | ၂၀ | အဖွဲ့ဝင် | ၀၉၇၆၆၂၁၆၄၈၂ |
| ၈ | ဦးစိုးဝင်း | ဦးဘဆင် | ၁၀/ရမန(နိုင်)၁၃၅၈၁၄ | ၅၀ | အဖွဲ့ဝင် | ၀၉၂၅၅၉၇၇၄၂၁ |
| ၉ | ဦးကျော်စိုးဦး | ဦးနီတာ | - | ၄၈ | အဖွဲ့ဝင် | ၀၉၄၂၆၄၀၅၉၇၅ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

နောက်ဆက်တွဲ (၂)

နောက်ဆက်တွဲ (၃)

## ပလိုင်ကီးကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **အခြေခံအဆောက်အဦ** | | | | | |
| | • လမ်းတံတား ရွာချင်းဆက်လမ်း မကောင်းခြင်း။ | • မြေသားလမ်း ဖြစ်နေခြင်း၊<br>• သွားလာရခက်ခဲခြင်း<br>• မိုးရာသီတွင်ချိုင့်ခွက်များဖြစ်ပေါ်စေခြင်း<br>• လမ်းပေါ်တွင်ရေအိုင်များဖြစ်ပေါ်ခြင်း<br>• ငွေကြေး ချို့တဲ့ခြင်း။ | • လုပ်အားဖြင့်ပါဝင်ကူညီနိုင်ခြင်း<br>• လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်ပါက ပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေး ပိုမိုတိုးတက်လာခြင်း။ | • ငွေကြေးမတတ်နိုင်ခြင်း။ | • ကျေးရွာလမ်းကော်မတီဖွဲ့စည်းပြီး ကျေး/လက် ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | • လမ်းပန်းဆက်သွယ်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊<br>• လမ်းတံတားများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများ။ |
| ၂ | • **ကျန်းမာရေး** | | | | | |
| | • ကျေးလက်ဆေးပေး ခန်းမရှိခြင်း | • ကျေးလက်ဆေးပေး ခန်းမရှိခြင်း<br>• တိုက်နယ်ဆေးရုံ၊မြို့နယ် ဆေးရုံများနှင့်သွားလာရန်ခက်ခဲခြင်း။ | • ဆေးပေးခန်းမြေနေရာ ပေ(၁၀၀)ပတ်လည်မြေရှိခြင်း<br>• လုပ်အားပါဝင်နိုင်ခြင်း<br>• ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။ | • ကျေးရွာမှငွေကြေးမတတ်နိုင်ခြင်း။<br>• ကျေးရွာမှသက်ဆိုင်ရာဦးစီးဌာနသို့ထိရောက်စွာတင်ပြနိုင်မှုမရှိခြင်း။ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ချိတ်ဆက်၍လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း၊<br>• ဆောက်လုပ်ရေးဌာနနှင့် ချိတ်ဆက်ခြင်း။ | • ကျန်းမာရေးတိုးတက်ကောင်းမွန်အောင် ကျေးလက်ဆေးပေးခန်းဌာနခွဲ ဆောက်လုပ်ခြင်း။ |
| ၃ | **ပညာရေး** | | | | | |
| | • ကျောင်းအမိုးများပျက်စီးယိုယွင်းခြင်း<br>• နံရံများအချောကိုင်ရန်ပြုပြင်ခြင်း<br>• ခြံစည်းရိုးပြုပြင်ခြင်း<br>• ဝန်ထမ်းအဆောင် တည်ဆောက်ခြင်း။ | • ကျောင်းအမိုးများပျက်စီးနေပြီးမိုးရာသီတွင် ကျောင်းသား/သူများပညာသင်ကြားနိုင်ရန်ခက်ခဲခြင်း၊နံရံများပျက်စီးခြင်း၊ခြံစည်းရိုးများမလုံခြုံခြင်း<br>• ဝန်ထမ်းအဆောင်များနေ | • မြေနေရာအဆင်သင့်ရှိခြင်း<br>• ရွာသူရွာသားများ၏ လုပ်အားဖြင့်ပါဝင်ကူညီခြင်း။ | • ငွေကြေးမတတ်နိုင်ခြင်း။ | • ကျောင်းကော်မတီနှင့်ဖွဲ့စည်းပြီးပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ဆောက်လုပ်ရေးဌာနနှင့် ချိတ်ဆက်ခြင်း။ | • ပညာရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>• ကျောင်းဆောင်ဟောင်း ပြန်လည်ပြုပြင်ခြင်း<br>• ကျောင်းခြံစည်းရိုးကာခြင်း<br>• ဝန်ထမ်းအဆောင်များ ဆောက်လုပ်ခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ထိုင်ရန်လုံလောက်မှုမရှိခြင်း။ | | | | |

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁)　လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၇ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၉ | ၂၈ | ၆၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၄၇ | ၈၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၄၈ | ၈၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀၆ | ၂၉၇ | ၆၀၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၂၀ | ၄၅ |
| စုစုပေါင်း | | ၄၅၃ | ၄၄၇ | ၉၀၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၅၇ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။　။ ပလိုင်ကီးကျေးရွာတွင် အိမ်ထောင်စု (၁၅၇) စု၊ လူဦးရေ (၉၀၀)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၇၈%)၊ မူလတန်း ကျောင်းသားအရွယ် (၉.၆၇%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၁၁%)၊ အလုပ်လုပ် နိုင်သည့် အရွယ် (၆၇%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏(၃၀.၀%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၃၀၆)ဦး၊ မ(၂၉၇) ဦး၊

စုစုပေါင်း(၆၀၃) ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၆၇%) ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်း အမြစ် ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေချောင်းမြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၆၉ | ညံ့ | မရ | မိုးရေ |
| ယာမြေ | ၃၇၃ | သင့် | မရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | ၆၂.၅ | သင့် | အနည်းအကျဉ်း | မိုးရေ |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၆၀၄.၅၀ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား – ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ပလိုင်ကီးကျေးရွာတွင် လယ်မြေ (၁၆၉) ကေနှင့် ဥယျာဉ်ခြံမြေ (၆၃၂.၅) ကေ ရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်ယာမြေ များကို မပြုပြင်နိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီမှုနည်းခြင်း၊ ကြွက်များဖျက်ဆီးခြင်း စသည်တို့ကြောင့် အထွက်နှုန်းနည်းပါသည်။ ရော်ဘာပြားများ ထုတ်လုပ်မှုကို အရည်အသွေး ပိုကောင်းအောင် ပြုလုပ်လိုသော်လည်း ဈေးကောင်းမရရှိသောကြောင့် ပုံမှန်အတိုင်းသာ ထုတ်လုပ် ကြပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လက်လှမ်းမမှီ |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် – ၃၈ C | ပျှမ်းမျှမိုးရေချိန်– ၈၀ လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

